Embassy of the Republic of the Union of Myanmar
Via Cortina D Ampezzo No. 50 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

**အသိပေးကြေညာခြင်း**

**ကြေညာချက်အမှတ်၊ ၁ /၂၀၂၀**

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲတွင် အီတလီ၊ ပေါ်တူဂီ၊ ရိုမေးနီးယားနှင့် ဂရိနိုင်ငံတို့သို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲများ ပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ ရောမမြို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အီတလီ၊ ပေါ်တူဂီ၊ ရိုမေးနီးယားနှင့် ဂရိနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာနိုင်ငံသားစာရင်းနှင့် အချက်အလက်များကို မြန်မာသံရုံး၊ ရောမမြို့က ပြုစုလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နိုင်ငံများရှိ မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ အချက်အလက်များကို ပူးတွဲပါဇယားတွင် ပြည့်စုံစွာ ဖြည့်စွက်၍ မြန်မာသံရုံး၏ အီးမေးလ်လိပ်စာ (merome2010@gmail.com) သို့ ၁၇-၇-၂၀၂၀ ရက် (သောကြာနေ့) နောက်ဆုံး ထားကာ မပျက်မကွက် ပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၃။ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်းရန် ပုံစံ (ပုံစံ (၁၅)) ကို မကြာမီ ကာလအတွင်း ဖြန့်ဝေသွားမည်ဖြစ်ပြီး ဖြည့်စွက်ပြီးပြန်လည်ပေးပို့လာသည့်ပုံစံများကို မြန်မာသံရုံး၊ ရောမမြို့မှ စုစည်းကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ချိန်အမီ ပြန်လည်ပေးပို့ သွားရမည် ဖြစ်ပါသည်။

၄။ ၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲပေးခွင့်ရရှိစေရေးအတွက် မြန်မာသံရုံး၊ ရောမမြို့သို့ အချက်အလက်များ ပေးပို့ပေးပါရန်နှင့် ယခုအသိပေးကြေညာချက်ကို မိမိတို့နှင့် နီးစပ်ရာ မြန်မာနိုင်ငံသားများထံ ဖြန့်ဝေအသိပေးကြပါရန် မေတ္တာရပ်ခံလျက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
ROME

မြန်မာသံရုံး၊ ရောမမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက်

| စဉ် | အမည် | ကျား/မ | မွေးသက္ကရာဇ် (အသက်) | မြန်မာနိုင်ငံကူးလက်မှတ်အမှတ် | လူမျိုး | အဘအမည် | အမိအမည် | မြန်မာနိုင်ငံနေရပ်လိပ်စာအပြည့်အစုံ (တိုင်း/ဒေသကြီးဖော်ပြရန်) | လက်ရှိနေရပ်လိပ်စာအပြည့်အစုံ | ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ (ပြည့်စုံစွာဖြည့်စွက်ပါရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |